# ရခိုင်ပြည်နယ် နယ်မြေဒေသ အချို့တွင် အင်တာနက် ပိတ်ပင်ထားခြင်းကို ပြန်လည်ဖွင့်လှစ်ပေးပါရန် ကုလသမဂ္ဂ မြန်မာနိုင်ငံရုံးက ဆော်ဩခြင်း

ရန်ကုန်မြို့၊ ၃၀-၉-၂၀၁၉ - လက်ကိုင်ဖုန်းဖြင့် အင်တာနက် အသုံးပြုနိုင်သည့် ဝန်ဆောင်မှုများကို ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း၊ မြောက်ဦးနှင့် မင်းပြားမြို့နယ်များတွင် ရပ်ဆိုင်းထားခြင်းကို အဆုံးသတ်ပါရန် ကုလသမဂ္ဂ မြန်မာနိုင်ငံရုံးက နိုင်ငံတော်အစိုးရအား ဆော်ဩပါသည်။ ဝန်ဆောင်မှုများ ရပ်ဆိုင်းခဲ့သည့် မြို့နယ် ၉ မြို့နယ်အနက် ၅ မြို့နယ်တွင် ဝန်ဆောင်မှု ပြန်လည်ဖွင့်လှစ်ပေးရန် ဆောင်ရွက်ချက်များကို ကြိုဆိုသော်လည်း ဝန်ဆောင်မှု ဆက်လက်ပိတ်ပင်ထားသည့် မြို့နယ်များတွင် ၃၀-၉-၂၀၁၉ ရက်နေ့အထိ ဝန်ဆောင်မှု ပိတ်ပင်ချိန် ရက်ပေါင်း ၁၀၁ ရက် ရှိပြီဖြစ်ကြောင်း ကုလသမဂ္ဂ အနေဖြင့် သတိပြုမိပါသည်။

စဉ်ဆက်မပြတ် အင်တာနက် ဆက်သွယ်နိုင်ရန် မရှိမဖြစ် လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ လူသားချင်းစာနာရေးနှင့် ဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်သည့် စွမ်းဆောင်ရည်မှာ လက်ကိုင်ဖုန်းဖြင့် အင်တာနက် အသုံးပြုနိုင်သည့် ဝန်ဆောင်မှုများကို အားကိုးအားထားပြုရပါသည်။ သို့ဖြစ်၍ အင်တာနက် ဝန်ဆောင်မှုများကို ပိတ်ပင်ခြင်းသည် ကုလသမဂ္ဂ၏ လုပ်ငန်းများကို အဟန့်အတား များစွာ ဖြစ်စေပါသည်။ ထိခိုက်သူများအပါအဝင် ကွင်းဆင်းလုပ်ငန်းဆောင်ရွက်နေသူများနှင့် ဆက်သွယ် ပြောဆိုရာတွင် အခက်အခဲနှင့် ရှုပ်ထွေးမှုများ ဖြစ်ပေါ်ပါသည်။ ထို့ထက် ပိုမိုကျယ်ပြန့်စွာ ထိခိုက်မှုမှာ ယင်းနယ်မြေဒေသများရှိ ပြည်သူလူထုသည် ဆက်လက်ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခကြောင့်လည်းကောင်း၊ ယင်းနှင့် ဆက်စပ်နေသည့် လူသားချင်းစာနာရေး သွားရောက်ဆောင်ရွက်နိုင်မှုဆိုင်ရာ ကန့်သတ်ချက်များကြောင့်လည်းကောင်း ပြင်းထန်စွာ ထိခိုက်ခံစားရသည့်အပြင် အင်တာနက်ကို ပိတ်ပင်မှုကြောင့် နေ့စဉ်လူမှုဘဝတွင် ထပ်မံ၍ အခက်အခဲများနှင့် ရင်ဆိုင်ရပါသည်။

အင်တာနက်သည် သတင်းအချက်အလက် ရရှိရေးနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့အတွက် အထူး အရေးကြီးပါသည်။ တဖန် သတင်းအချက်အလက် ရရှိရေးနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်တို့ကို ရရှိမှသာ အခြား အခြေခံ လူ့အခွင့်အရေးများကို ရရှိရေး ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

အင်တာနက်ကို ပိတ်ပင်ခြင်းသည် မြန်မာနိုင်ငံ နိုင်ငံတော်အစိုးရက လက်မှတ်ရေးထိုးထားသော ရေရှည်တည်တံ့ခိုင်မြဲပြီး စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးမှု ရည်မှန်းချက်ပန်းတိုင် (SDG) များဆိုင်ရာမှုများ၊ တန်ဖိုးများနှင့်လည်း ဆန့်ကျင်ပါသည်။ SDG များတွင် မည်သူမျှ နောက်ကျမကျန်ရစ်စေရန် ဆောင်ရွက်ရေး ဆော်ဩထားပါသည်။ အင်တာနက်ကို ပိတ်ပင်ခြင်းသည် စားနပ်ရိက္ခာ၊ ပညာသင်ကြားရေး၊ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် သတင်းအချက်အလက်များ ရရှိရေးဆိုင်ရာ အခြေခံ အခွင့်အရေးများကိုလည်း ဆက်လက်၍ ထိခိုက်စေနိုင်မည့် အလားအလာ ရှိပါသည်။

သို့ဖြစ်၍ ကုလသမဂ္ဂအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်အစိုးရအား အင်တာနက် ပိတ်ထားသော နယ်မြေဒေသများတွင် အင်တာနက် ဝန်ဆောင်မှုများ ချက်ချင်း ပြန်လည် အသုံးပြုနိုင်စေရေး

ဖွင့်လှစ်ပေးရန်နှင့် နိုင်ငံတကာလူသားချင်းစာနာရေး ဥပဒေပါ နိုင်ငံတော်က ဆောင်ရွက်ရမည့် တာဝန်များနှင့်အညီ လူသားချင်းစာနာရေး အဖွဲ့အစည်းများ အဟန့်အတားမရှိ သွားရောက်နိုင်စေရေး ကူညီပံ့ပိုးဆောင်ရွက်ပေးပါရန် ဆော်ဩလိုက်ပါသည်။

နောက်ထပ် လေ့လာသိရှိလိုပါက အောက်ပါအတိုင်း ဆက်သွယ်နိုင်ပါသည်။

ဦးအေးဝင်း
National Information Officer
(ဒေသခံ ပြန်ကြားရေးအရာရှိ)
Office of the Resident and Humanitarian Coordinator
(ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာမှုဆိုင်ရာညှိနှိုင်းရေးမှူးရုံး)
United Nations Information Centre, Yangon
(ကုလသမဂ္ဂ ပြန်ကြားရေးဌာန၊ ရန်ကုန်မြို့)
အီးမေးလ် wina@un.org
လက်ကိုင်ဖုန်း - (95) 9 421060343